

Equality Myanmar



# ကလေးများနှင့် လက်နက်ကိုင် ပဋိပက္ခဆိုင်ရာသင်ရိုးညွှန်းတမ်း

# MODULE ON CHILDREN AND ARMED CONFLICT

2026

# မာတိကာ

၁။ နိဒါန်း (Introduction)

၂။ ကျေးဇူးတင်လွှာ (Acknowledgement)

၃။ ညီမျှခြင်း မြန်မာ အကြောင်း (About Equality Myanmar)

၄။ သင်ရိုးညွှန်းတမ်းပြုစုခြင်းဆိုင်ရာအကျဉ်းချုပ် (Module Overview)

၅။ ကလေးများဦးဆောင်သည့် လူ့အခွင့်အရေးဆိုင်ရာ လက်တွေ့လုပ်ရှားမှု သင်ရိုးညွှန်းတမ်း

*သင်ခန်းစာ(၁) –* *ကလေးအခွင့်အရေးကို နားလည်ခြင်း*

*သင်ခန်းစာ(၂) –* *ကလေးသူငယ်ကာကွယ်စောင့်ရှောက်ရေးနှင့် ပဋိပက္ခအတွင်းရှိ အန္တရာယ်များ*

*သင်ခန်းစာ(၃) –* *တိုင်ကြားခြင်းနှင့် အကူအညီတောင်းခံခြင်း*

၆။ သင်ထောက်ကူ ပစ္စည်းများ (IEC)

၇။ ကိုးကားချက်များ (References)

၈။ နောက်ဆက်တွဲများ (Appendix)

# နိဒါန်း (Introduction)

လူ့အခွင့်အရေး ပညာပေးလုပ်ငန်းများကို စဉ်ဆက်မပြတ် ဆောင်ရွက်နေသော Equality Myanmar (EQMM) သည် လူ့အဖွဲ့အစည်းအတွင်း လူ့အခွင့်အရေးစံနှုန်းများ ထွန်းကားလာစေရန်နှင့် တန်းတူညီမျှမှုကို ဖော်ဆောင်ရန် ရည်ရွယ်ပါသည်။

ဤသင်ရိုးညွှန်းတမ်းကို ရေးသားထုတ်ဝေရခြင်းမှာ ကလေးများနှင့် လူငယ်များအကြား မိမိတို့၏ အခွင့်အရေးများကို သိရှိနားလည်ရုံသာမက၊ လက်တွေ့ဘဝတွင် အပြုသဘောဆောင်သော ပြောင်းလဲမှုများကို ကိုယ်တိုင်ဦးဆောင်၍ ဖော်ဆောင်နိုင်စေရန် ဖြစ်ပါသည်။

ဤလက်စွဲစာအုပ်သည် သင်တန်းသားများအတွက် လက်တွေ့ကျသော လေ့ကျင့်ခန်းများနှင့် လမ်းညွှန်ချက်များကို ပံ့ပိုးပေးခြင်းဖြင့် အခွင့်အရေးကို အခြေခံသော လူ့အဖွဲ့အစည်းတစ်ခု တည်ဆောက်ရာတွင် အထောက်အကူပြုမည်ဟု ယုံကြည်ပါသည်။

# ကျေးဇူးတင်လွှာ (Acknowledgement)

ဤသင်ရိုးညွှန်းတမ်း ဖြစ်မြောက်လာစေရန်အတွက် ဝိုင်းဝန်းကူညီပေးကြသော ပုဂ္ဂိုလ်များနှင့် အဖွဲ့အစည်းများအားလုံးကို Equality Myanmar မှ အထူးပင် ကျေးဇူးတင်ရှိပါသည်။

ဦးစွာပထမ ဤသင်ရိုးညွှန်းတမ်းပါ အကြောင်းအရာများကို ပြည့်စုံစေရန် အကြံဉာဏ်များ ပေးအပ်ခဲ့ကြသော လူ့အခွင့်အရေး ပညာပေးသူများ (Human Rights Educators) နှင့် နည်းပညာဆိုင်ရာ ကျွမ်းကျင်သူများကို ကျေးဇူးတင်ရှိပါသည်။

ဤသင်ရိုးညွှန်းတမ်း ဖြစ်မြောက်ရန်အတွက် လိုအပ်သော ဘဏ္ဍာရေးနှင့် အရင်းအမြစ်များကို ပံ့ပိုးကူညီပေးကြသော အလှူရှင်အဖွဲ့အစည်းများအားလုံးကိုလည်း အသိအမှတ်ပြု ကျေးဇူးတင်ပါသည်။

အထူးသဖြင့် လက်တွေ့ကွင်းဆင်း စမ်းသပ်သင်ကြားမှုများတွင် ပါဝင်ကူညီခဲ့ကြသော ကလေးများ၊ လူငယ်များနှင့် ရပ်ရွာလူထုကို ၎င်းတို့၏ တန်ဖိုးရှိသော အကြံပြုချက်များအတွက် ကျေးဇူးတင်ရှိကြောင်း ဖော်ပြအပ်ပါသည်။

နောက်ဆုံးအနေဖြင့်၊ ဤသင်ရိုးညွှန်းတမ်းကို ပြုစုရေးသားပေးခြင်း၊ ဒီဇိုင်းရေးဆွဲခြင်း၊ တည်းဖြတ်ခြင်းနှင့် ပုံနှိပ်ထုတ်ဝေခြင်း လုပ်ငန်းစဉ်များတွင် စိတ်အားထက်သန်စွာ ပါဝင်ဆောင်ရွက်ခဲ့ကြသည့် Equality Myanmar ၏ Deputy Director ဦးခင်မောင်ရွှေ၊ မဝါဝါ ဦးဆောင်သည့် စွမ်းရည်မြှင့်တင်ရေး ဦးဆောင်အဖွဲ့ နှင့် ဝန်ထမ်းများကိုလည်း အသိအမှတ်ပြု မှတ်တမ်းတင်အပ်ပါသည်။

# ညီမျှခြင်းမြန်မာအကြောင်း (About Equality Myanmar)

Equality Myanmar (EQMM) သည် မြန်မာနိုင်ငံတွင် လူ့အခွင့်အရေး ပညာပေးရေးနှင့် လူပ်ရှား တက်ကြွမှုများမှတစ်ဆင့် လူ့အခွင့်အရေးစံနှုန်းများကို လေးစားလိုက်နာသော လူ့အဖွဲ့အစည်းတစ်ရပ် ပေါ်ထွန်းလာစေရန် ရည်ရွယ်၍ လုပ်ဆောင်နေသော အစိုးရမဟုတ်သည့် အဖွဲ့အစည်း (NGO) တစ်ခု ဖြစ်သည်။ ယခင်က Human Rights Education Institute of Burma (HREIB) အမည်ဖြင့် လူသိများ ခဲ့ပြီး ၂၀၁၂ ခုနှစ်တွင် Equality Myanmar အဖြစ် အမည်ပြောင်းလဲခဲ့သည်။ အဖွဲ့အစည်း၏ အဓိက လုပ်ဆောင်ချက်များနှင့် ရည်ရွယ်ချက်များမှာ အောက်ပါအတိုင်း ဖြစ်သည်။

### (က) လူ့အခွင့်အရေး ပညာပေးခြင်း (Human Rights Education)

EQMM သည် လူ့အခွင့်အရေးဆိုင်ရာ အသိပညာများကို ပြည်သူလူထုအတွင်း ကျယ်ကျယ်ပြန့်ပြန့် သိရှိစေရန် သင်တန်းများ၊ အလုပ်ရုံဆွေးနွေးပွဲများနှင့် သင်တန်းလက်စွဲ (Modules) များ ထုတ်ဝေခြင်းကို လုပ်ဆောင်သည်။ ၎င်းတို့၏ သင်ကြားမှုပုံစံမှာ သင်တန်းသားများကိုယ်တိုင် တက်ကြွစွာ ပါဝင်ဆောင်ရွက်ရသည့် (Participatory Approach) ပုံစံဖြစ်သည်။ ထို့မှုသာမက ကလေးအခွင့်အရေး၊ အမျိုးသမီးအခွင့်အရေး၊ လွတ်လပ်စွာယုံကြည်ကိုးကွယ်ခွင့်နှင့် အခြားသော ဘာသာရပ်ပေါင်း များစွာကိုလည်း အသိပညာပေးမှုများ ဆောင်ရွက်လျှက်ရှိသည်။

### (ခ) စည်းရုံးလှုံ့ဆော်ခြင်း (Advocacy)

လူ့အခွင့်အရေး ချိုးဖောက်မှုများ လျော့နည်းလာစေရန်နှင့် တရားဥပဒေ စိုးမိုးရေးအတွက် ပြည်တွင်း၊ ပြည်ပရှိ မူဝါဒချမှတ်သူများ၊ အစိုးရဌာနများနှင့် နိုင်ငံတကာ အဖွဲ့အစည်းများကို တိုက်တွန်းနှိုးဆော်သည့် လုပ်ငန်းများကို လုပ်ဆောင်သည်။

### (ဂ) အဖွဲ့အစည်းများအား စွမ်းရည်မြှင့်တင်ပေးခြင်း (Capacity Building)

အခြေခံလူတန်းစားအဖွဲ့အစည်းများ (CBOs) နှင့် အရပ်ဘက်လူမှုအဖွဲ့အစည်းများ (CSOs) အား လူ့အခွင့်အရေး ရှုထောင့်မှနေ၍ ၎င်းတို့၏ လုပ်ငန်းစဉ်များကို ပိုမိုထိရောက်အောင် လုပ်ဆောင်နိုင်ရန် နည်းပညာနှင့် စွမ်းရည်မြှင့်တင်ရေး ပံ့ပိုးမှုများ ပေးသည်။

### (ဃ) မှတ်တမ်းပြုစုခြင်းနှင့် သုတေသနအဖွဲ့ (Documentation and Research Team)

မှတ်တမ်းပြုစုခြင်းနှင့် သုတေသနအဖွဲ့သည် အဖွဲ့အစည်း၏ မူဝါဒချမှတ်ခြင်းနှင့် တိုက်တွန်းနှိုးဆော်ခြင်း (Advocacy) လုပ်ငန်းများအတွက် အဓိကကျသော "အချက်အလက်ဗဟိုချက်" ဖြစ်ပါသည်။

- လူ့အခွင့်အရေး ချိုးဖောက်မှုများကို မှတ်တမ်းတင်ခြင်း (Human Rights Documentation) သည် မြေပြင်တွင် ဖြစ်ပွားနေသော လူ့အခွင့်အရေး ချိုးဖောက်မှုများကို စနစ်တကျ မှတ်တမ်းတင်ပါသည်။

- သက်သေခံအထောက်အထားများ စုဆောင်းခြင်း: ကျူးလွန်မှုဖြစ်စဉ်များ၊ မျက်မြင်သက်သေများ၏ ထွက်ဆိုချက်များနှင့် ခိုင်လုံသော အထောက်အထားများကို စုဆောင်းသည်။

- ဒစ်ဂျစ်တယ် လုံခြုံရေး (Digital Security)– မှတ်တမ်းတင်သူများနှင့် နစ်နာသူများ၏ လုံခြုံရေးအတွက် ဒစ်ဂျစ်တယ်နည်းပညာများကို အသုံးပြု၍ အချက်အလက်များကို လုံခြုံစွာ သိမ်းဆည်းသည်။

- အထူးပြုသုတေသန အစီရင်ခံစာများ ထုတ်ပြန်ခြင်း (Thematic Research Reports) စုဆောင်းရရှိထားသော အချက်အလက်များကို အခြေခံ၍ အကြောင်းအရာအလိုက် သုတေသနပြု စစ်တမ်းများကို ထုတ်ဝေပါသည်။ (ခေါင်းစဉ်များ: ဥပမာ – ကလေးအခွင့်အရေး၊ အမျိုးသမီးများအပေါ် အကြမ်းဖက်မှု၊ LGBTQ+ များအပေါ် ခွဲခြားဆက်ဆံမှုနှင့် ပဋိပက္ခဒေသတွင်း လူ့အခွင့်အရေး အခြေအနေများ)

- Advocacy လုပ်ငန်းများအတွက် အထောက်အကူပြုခြင်း– သုတေသနအဖွဲ့မှ ထွက်ပေါ်လာသော အချက်အလက် (Data) များသည် EQMM ၏ တိုက်တွန်းနှိုးဆော်မှု (Advocacy) လုပ်ငန်းများအတွက် အခိုင်မာဆုံးသော လက်နက်ဖြစ်ပါသည်။

- ကုလသမဂ္ဂနှင့် နိုင်ငံတကာ ချိတ်ဆက်မှု: ကုလသမဂ္ဂ၏ Universal Periodic Review (UPR) ကဲ့သို့သော အစီရင်ခံစာများ တင်သွင်းရာတွင် အရေးပါသော အခန်းကဏ္ဍမှ ပါဝင်သည်။

- အထောက်အထားအခြေပြု တိုက်တွန်းခြင်း (Evidence-based Advocacy): စိတ်ကူးနှင့် ပြောဆိုခြင်းမျိုး မဟုတ်ဘဲ ခိုင်လုံသော ကိန်းဂဏန်း၊ အချက်အလက်များဖြင့် အစိုးရ သို့မဟုတ် အာဏာပိုင်များကို တိုက်တွန်းခြင်း ဖြစ်သည်။

- စွမ်းရည်မြှင့်တင်ရေးနှင့် လေ့ကျင့်ပညာပေးခြင်း- သုတေသနအဖွဲ့သည် မိမိတို့အဖွဲ့အတွင်း သာမက အခြားသော အရပ်ဘက်အဖွဲ့အစည်းများကိုလည်း မှတ်တမ်းတင်နည်းပညာများ သင်ကြားပေးပါသည်။

- Documentation Training- မှတ်တမ်းတင်ရာတွင် လိုက်နာရမည့် ကျင့်ဝတ်များ (Do No Harm principle) နှင့် နည်းစနစ်များကို သင်ကြားပေးခြင်း။

- Forensic Evidence- လိုအပ်ပါက မှုခင်းဆိုင်ရာ အထောက်အထား မှတ်တမ်းတင်နည်းများကို အခြေခံပညာပေးခြင်း။

- Justice Roadmap နှင့် တရားမျှတမှု ဖော်ဆောင်ရေး- လက်ရှိ မြန်မာနိုင်ငံ၏ အခြေအနေတွင် ဤအဖွဲ့သည် အနာဂတ်တွင် ဖြစ်ပေါ်လာမည့် အသွင်ကူးပြောင်းရေးကာလ တရားမျှတမှု (Transitional Justice) အတွက် အခြေခံအချက်အလက်များကို စုဆောင်းပေးနေသော အဖွဲ့လည်း ဖြစ်ပါသည်။

- EQMM ၏ မှတ်တမ်းပြုစုရေးအဖွဲ့သည် “Do No Harm” (ထိခိုက်မှုမရှိစေရေး) မူဝါဒကို အလေးအနက်ထားပြီး၊ သတင်းပေးသူများနှင့် နစ်နာသူများ၏ လုံခြုံရေး၊ လျှို့ဝှက်ချက် ထိန်းသိမ်းရေးတို့ကို အမြင့်ဆုံး စံနှုန်းများဖြင့် လုပ်ဆောင်ပါသည်။

## (c) မာလ်တီမီဒီယာနှင့် အရင်းအမြစ်များ

EQMM သည် လူ့အခွင့်အရေးဆိုင်ရာ ဗီဒီယိုတိုများ၊ ရုပ်သံအစီအစဉ်များနှင့် ပညာပေး ကာတွန်းများကိုလည်း ထုတ်ဝေလေ့ရှိပြီး၊ လူမှုကွန်ရက်စာမျက်နှာများမှတစ်ဆင့် အများပြည်သူ အလွယ်တကူ လေ့လာနိုင်ရန် စီစဉ်ပေးထားသည်။

EQMM သည် မြန်မာနိုင်ငံ၏ ဒီမိုကရေစီ အကူးအပြောင်းနှင့် လူ့အခွင့်အရေး ကာကွယ်မြှင့်တင်ရေး ကဏ္ဍတွင် အရေးပါသော အခန်းကဏ္ဍမှ ပါဝင်နေသည့် အဖွဲ့အစည်းတစ်ခု ဖြစ်ပါသည်။

# သင်ခန်းစာဆိုင်ရာ သင်ကြားရေးနည်းလမ်းနှင့် ဖွဲ့စည်းပုံဒီဇိုင်း (Module Methodology and Design)

ဤ Children and Armed Conflict(CAAC) module ကို ဆယ်ကျော်သက်လူငယ်များအတွက် ရည်ရွယ်၍ ရေးဆွဲထားပြီး၊ သင်ယူသူများ၏ အတွေ့အကြုံအပေါ် အခြေခံသည့် **Experiential Learning Theory (ELT)** ကို အဓိကသဘောတရားအဖြစ် အသုံးပြုထားသည်။ ELT အရ သင်ယူခြင်းသည် သင်တန်းသားများ၏ ကိုယ်ပိုင်အတွေ့အကြုံများမှ စတင်ကာ၊ အတွေးအခေါ်များအား ပြန်လည်သုံးသပ်ခြင်း၊ သဘောတရားဖော်ထုတ်ခြင်းနှင့် လက်တွေ့အသုံးချခြင်းတို့ဖြင့် လည်ပတ်သည့် စက်ဝိုင်းပုံစံဖြစ်သည်။ ထို့ကြောင့် ဤ module တွင် သင်ယူသူများကို အချက်အလက်လက်ခံသူ (passive receiver) မဟုတ်ဘဲ တက်ကြွစွာလေ့လာသူ (active participant) အဖြစ် ပါဝင်စေရန် ရည်ရွယ်ထားပါသည်။

Module Design အနေဖြင့် **ADIDAS Framework (Activity, Discussion, Input, Deepening, Access, Synthesis)** ကို အသုံးပြုထားပြီး၊ ELT cycle နှင့် ချိတ်ဆက်ညှိနှိုင်းထားသည်။ အစပိုင်းတွင် **Activity (လှုပ်ရှားမှု)** မှတဆင့် သင်တန်းသားများ၏ ကိုယ်ပိုင်အတွေ့အကြုံ၊ ယုံကြည်ချက်များနှင့် အမြင်များကို လှုံ့ဆော်ထုတ်ဖော်စေသည်။ ၎င်းသည် ELT ၏ “Concrete Experience” အဆင့်နှင့် ကိုက်ညီသည်။ ထို့နောက် **Discussion (အပြန်အလှန်ဆွေးနွေးခြင်း)** အဆင့်တွင် သင်တန်းသားများ အကြား အတွေ့အကြုံများကို မျှဝေဆွေးနွေးခြင်းဖြင့် “Reflective Observation” ကို ဖြစ်စေပြီး၊ မတူညီသောအမြင်များကို နားလည်နိုင်စေရန် အထောက်အကူပြုသည်။

**Input (ဗဟုသုတပေးခြင်း)** အဆင့်တွင် Facilitator မှ သက်ဆိုင်ရာ အချက်အလက်များ၊ သဘောတရားများနှင့် ဥပဒေဆိုင်ရာ အခြေခံများကို ပေးအပ်ပြီး “Abstract Conceptualization” အဆင့်ကို ဖြည့်ဆည်းပေးသည်။ CAAC ဆိုင်ရာ အဓိပ္ပါယ်ဖော်ပြချက်များ၊ နိုင်ငံတကာစံနှုန်းများနှင့် ကလေးအခွင့်အရေးဆိုင်ရာ အရေးကြီးသော သဘောတရားများကို ထည့်သွင်းဖော်ပြသည်။ ထို့နောက် **Deepening (လက်တွေ့ဘဝနှင့်နှိုင်းယှဉ်ခြင်း)** အဆင့်တွင် Case Study များ၊ Scenario Analysis များနှင့် Practical Exercise များကို အသုံးပြု၍ သင်ယူထားသော အကြောင်းအရာများကို ပိုမိုနက်ရှိုင်းစွာ နားလည်စေရန် လေ့ကျင့်ပေးသည်။

ADIDAS framework ၏ အရေးကြီးသော ထူးခြားချက်တစ်ခုဖြစ်သော **Access (အကဲဖြတ်ခြင်း)** အဆင့်တွင် သင်ယူသူများသည် ရရှိထားသော အသိပညာနှင့် ကျွမ်းကျင်မှုများကို မိမိဘဝနှင့် မိမိ ပတ်ဝန်းကျင်တွင် မည်သို့ အသုံးချနိုင်မည်ကို ဆန်းစစ်စေသည်။ ဥပမာအားဖြင့် ကလေးကာကွယ်ရေး၊ အန္တရာယ်သိမြင်မှု၊ Reporting Mechanism များနှင့် Community-Level Action များကို ချိတ်ဆက် စဉ်းစားစေသည်။ ဤအဆင့်သည် ELT ၏ “Active Experimentation” နှင့် တိုက်ရိုက်ချိတ်ဆက်နေ ပြီး သင်ယူမှုကို လက်တွေ့ပြောင်းလဲမှုသို့ ဦးတည်စေသည်။

နောက်ဆုံးတွင် **Synthesis (အနှစ်ချုပ်ခြင်း)** အဆင့်မှတဆင့် သင်ယူသူများသည် သင်ခန်းစာအတွင်း လေ့လာခဲ့သည့် အချက်အလက်များ၊ အတွေ့အကြုံများနှင့် သဘောတရားများကို တစ်စုတစ်စည်း တည်း ပြန်လည်ချုပ်ဆိုနိုင်စေရန် လမ်းညွှန်ပေးသည်။ ၎င်းသည် သင်ယူမှုကို အဓိပ္ပါယ်ပြည့်ဝစေပြီး Long-Term Retention တိုးတက်စေသည်။

အကျဉ်းချုပ်အားဖြင့် ဤ CAAC module သည် ELT နှင့် ADIDAS framework ကို ပေါင်းစပ်အသုံးပြု ထားသည့် သင်ယူသူဗဟိုပြုရေးဆွဲထားသည့်ဒီဇိုင်း (Learner-Centered Design) ဖြစ်ပြီး၊ သင်ယူသူ များ၏ အတွေ့အကြုံမှ စတင်ကာ လက်တွေ့အသုံးချနိုင်သည့် အသိပညာနှင့် ကျွမ်းကျင်မှုများ ကို တည်ဆောက်ပေးရန် ရည်ရွယ်ထားသည်။

# ကလေးများနှင့် ကလေးအခွင့်အရေးဆိုင်ရာ သင်ရိုးညွှန်းတမ်း
# (Module on Children and Armed Conflict)

## သင်ခန်းစာ (၁) ကလေးအခွင့်အရေးကိုနားလည်ခြင်း

**အဓိကရည်ရွယ်ချက်** – ကလေးများအနေဖြင့် မိမိတို့ရသင့်ရထိုက်သောအခြေခံအခွင့်အရေးများ နှင့် အနှစ်သာရကို သိရှိနားလည်စေရန်။

**ဦးတည်အုပ်စု** – အသက် (၁၈) နှစ်အောက် ကလေးသူငယ်များကို ဦးတည်သည်။

**ဆွေးနွေးချိန်** – စုစုပေါင်းကြာချိန် (၆၀) မိနစ်။

### သင်ယူမှုရလဒ်များ

သင်တန်းပြီးဆုံးချိန်တွင် သင်တန်းသားများသည်

- ကလေးအခွင့်အရေး၏ အဓိပ္ပါယ်နှင့် အရေးပါမှုကိုသိရှိသွားမည်။
- ကလေးအခွင့်အရေးဆိုင်ရာ အခြေခံမူ (၄) ချက်ကို ဖော်ပြနိုင်မည် ။
- ကလေးအခွင့်ရေးစာချုပ်ထဲမှအခွင့်အရေးအပိုဒ်များကို သိရှိလာမည်။
- မိမိတို့လက်တွေ့ဘဝရှိအခွင့်အရေးချိုးဖောက်မှုများကို စဉ်းစားတတ်လာမည်။

### Activity (လှုပ်ရှားမှု) (၁၀မိနစ်)

သင်တန်းသားများအား အဖွဲ့ (၃) ဖွဲ့ခွဲ၍ ညှပ်ထားသည့် Need and Wants Card များကို ပေး၍ အောက်ပါအတိုင်းဆောင်ရွက်စေပါ။

- ဒီ Card တွေကို ကြည့်ပြီး Needs (မရှိရင် မဖြစ်တဲ့အရာ) နဲ့ Wants (ရှိရင်ပိုကောင်းပေမယ့် မရှိလည်းဖြစ်နိုင်တဲ့အရာ) ဆိုပြီး ခွဲပါ”
- ဆွေးနွေးချိန် (၁၀) မိနစ်သာရမည်ဖြစ်ပြီးပြန်လည်တင်ပြချိန် (၂) မိနစ်ဆီသာရမည် ဖြစ်ကြောင်းပြောပါ။

- ထို့နောက်သင်တန်းသားများအား ဆွေးနွေးချိန်ပေးပါ။
- အချိန်ပြည့်ပါက ပြန်လည်တင်ပြစေပါ။

*Note for Facilitator _ အဖွဲ့ (၃) ဖွဲ့ပြုလုပ်မည်ဖြစ်သောကြောင့် Need & Want Card ကို (၃) စုံ Print ထုတ်ထားပါ။*

## Discussion (အပြန်အလှန်ဆွေးနွေးခြင်း) (၁၀မိနစ်)

ထို့နောက် Facilitator မှ အောက်ပါမေးခွန်းများဖြင့်ဆွေးနွေးပေးပါ။

- ဘယ် Card တွေကို Needs လို့သတ်မှတ်ခဲ့လဲ။ ဘာကြောင့်လဲ။
- Wants လို့ထင်တာတွေထဲမှာ မရှိရင် အန္တရာယ်ဖြစ်မလား။
- Needs မရှိဘူးဆိုရင် ဘာဖြစ်မလဲ။
- ထို့နောက် "Needs မှာပါတဲ့အရာတွေ လိုအပ်ချက်တွေဟာ ကလေးတိုင်းရသင့်တဲ့ **အခွင့်အရေး**" တွေဖြစ်ကြောင်းပြောပါ။

Facilitator မှ အောက်ပါအတိုင်း ပြော၍ ဗဟုသုတပေးခြင်းသင်ခန်းစာနှင့် ချိတ်ဆက်ပါ။

လိုအပ်ချက် (Needs) ဆိုတာ လူသားတစ်ဦး ဂုဏ်သိက္ခာရှိရှိ နေထိုင်ရှင်သန်ရန် မရှိမဖြစ်လိုအပ်တဲ့ အရာတွေဖြစ်ပါတယ်။ ဒီလိုလိုအပ်တဲ့အရာတွေက"အခွင့်အရေး" (Rights)တွေလည်းဖြစ်ပါတယ်။ ဒါကြောင့် ကလေးတွေအနေနဲ့ ဂုဏ်သိက္ခာရှိရှိ နေထိုင်ရှင်သန်နိုင်ရန်အတွက် ကလေးအခွင့်အရေး လိုအပ်ပါတယ်။ ဆက်လက်ပြီးတော့ ကလေးအခွင့်အရေးစာချုပ်ရဲ့ အခြေခံမူတွေနဲ့ အပိုဒ်တွေကို လေ့လာကြည့်ကြရအောင်။

## Input(ဗဟုသုတပေးခြင်း) (၂၀မိနစ်)

**စာချုပ်တွင် ပါဝင်သော ကလေးအခွင့်အရေးဆိုင်ရာ အခြေခံသဘောတရားများ**

- မည်သည့်အကြောင်းကြောင့်မှ **"ခွဲခြားခြင်းမရှိ"** ဘဲ အသက် (၁၈) နှစ် အောက်ရှိ ကလေးများ အားလုံး ကလေးအခွင့်အရေးအခွင့်အရေး ခံစားနိုင်စေရန်ဆောင်ရွက်ရမည်။

- ကလေးများ၏ **"အသက်ရှင်သန်ခွင့်နှင့် အကောင်းဆုံးဖွံ့ဖြိုးတိုးတက်ခွင့်"** အလိုက်မိဘများက ပံ့ပိုးလမ်းညွှန်မှုများလုပ်ဆောင်ပေးရမည်။
- **"ကလေးများ၏ အတွေးအမြင် အယူအဆ"**များကို လေးစားရမည်။
- ကလေးများနှင့်ပတ်သက်၍ ဆောင်ရွက်ရာတွင် **"ကလေးများ၏အကောင်းဆုံးအကျိုး"** ကို အဓိကအခြေခံအဖြစ် ထည့်သွင်းစဉ်းစားရမည်။ အစိုးရများက ကလေးအခွင့်အရေးများ အတွက် အထူးလုပ်ဆောင်ချက် များလုပ်ဆောင်ပေးရန်တို့ဖြစ်သည်။

## ကလေးအခွင့်အရေးစာချုပ်ပါ အပိုဒ်များ

- အပိုဒ်(၁) ကလေးအသက်သတ်မှတ်ချက်။
- အပိုဒ်(၂) မည်သည့်ကလေးကိုမှခွဲခြားဖိနှိပ်ခြင်း မရှိခြင်း။
- အပိုဒ်(၃)နိုင်ငံတော်အစိုးရက ကလေးများအတွက် အကောင်းဆုံးအကျိုးကို လေးစား လုပ်ဆောင်ပေးရမည်။
- အပိုဒ်(၄)ကလေးများအခွင့်အရေးကိုနိုင်ငံတော် အစိုးရက ဘက်ပေါင်းစုံမှအစွမ်းကုန် ကာကွယ်ပေးရမည်။
- အပိုဒ်(၅) မိဘများ၏ ထိန်းသိမ်းလမ်းညွှန်ခွင့်ကို အစိုးရက လေးစားရမည်။
- အပိုဒ်(၆)အသက်ရှင်ရပ်တည်ခွင့်၊ ဖွံ့ဖြိုးတိုးတက်ခွင့်။
- အပိုဒ်(၇) အမည်မှည့်ခွင့် နှင့် လူမျိုးသတ်မှတ်ခံပိုင်ခွင့်။
- အပိုဒ်(၈) ကိုယ်ရေးကိုယ်တာ အချက်များရရှိခွင့်၊ ထိန်းသိမ်းခွင့်။
- အပိုဒ်(၉) ကလေးများအတွက်အကောင်းဆုံး အကျိုးဖြစ်ပါက မိဘများနှင့် ခွဲထားနိုင်သည်။
- အပိုဒ်(၁၀) မိသားစုချင်း ပြန်လည်ဆုံတွေ့နိုင်ရန်အတွက် နိုင်ငံအတွင်း လာရောက်ခွင့်၊ ထွက်ခွာခွင့်ပြုခြင်း။
- အပိုဒ်(၁၁) ကလေးများအားနိုင်ငံခြားသို့ ပြန်လမ်းမရှိ ခေါ်ဆောင်ခြင်းမှ ကာကွယ်ပေးခြင်း။
- အပိုဒ်(၁၂)ကလေးများနှင့်ပတ်သက်သော ဆုံးဖြတ်ချက်များ ချမှတ်ရာတွင် ကလေးများ၏ အယူအဆများကိုထည့်သွင်း စဉ်းစားခြင်း။

- အပိုဒ်(၁၃) လွတ်လပ်စွာပြောဆိုခွင့်၊ သတင်းများရယူခွင့်။
- အပိုဒ်(၁၄)လွတ်လပ်စွာတွေးခေါ်ခွင့်၊ ယုံကြည်ကိုးကွယ်ခွင့်။
- အပိုဒ်(၁၅) လွတ်လပ်စွာအဖွဲ့အစည်းဖွဲ့စည်းခွင့်၊ စုဝေးခွင့်။
- အပိုဒ်(၁၆) ပုဂ္ဂလိကလွတ်လပ်ခွင့်။
- အပိုဒ်(၁၇) ကလေးများဖွံ့ဖြိုးတိုးတက်ရေးအတွက် လူထုသတင်း လုပ်ငန်းများက လုပ်ဆောင်ပေးခြင်း။
- အပိုဒ်(၁၈) ကလေးများဖွံ့ဖြိုးတိုးတက်မှုအတွက် မိဘအုပ်ထိန်း သူများကို နိုင်ငံတော်က လိုအပ်သော အကူအညီများပေးခြင်း။
- အပိုဒ်(၁၉) ကလေးများအားရုပ်ပိုင်း၊စိတ်ပိုင်းနှိပ်စက်မှုမှ ကာကွယ်ပေးခြင်း။
- အပိုဒ်(၂၀) မိသားစုနှင့်ဝေးကွာသောကလေးများကို ကူညီကာကွယ်ပေးရန်။
- အပိုဒ်(၂၁)ကလေးများ၏အကောင်းဆုံးအကျိုး အတွက်ဖြစ်ပါက မွေးစားခွင့်ပြုခြင်း။
- အပိုဒ်(၂၂) ဒုက္ခသည်ကလေးများအား လိုအပ်သော ကူညီကာကွယ်မှုများပေးခြင်း။
- အပိုဒ်(၂၃)ရုပ်ပိုင်းနှင့်စိတ်ပိုင်းကူညီမှု အထူးလိုအပ်နေသော ကလေးများကို ကာကွယ်စောင့်ရှောက်ပေးခြင်း။
- အပိုဒ်(၂၄) အမြင့်မားဆုံးကျန်းမာရေးစောင့်ရှောက်မှုရရှိခွင့်။
- အပိုဒ်(၂၅) စောင့်ရှောက်ရေးဌာနများအောက်ရှိ ကလေးများကို အချိန်မှန်မှန်စစ်ဆေးနိုင်ခြင်း။
- အပိုဒ်(၂၆) လူမှုဖူလုံရေးအကျိုးခံစားခွင့်။
- အပိုဒ်(၂၇) လုံလောက်သောလူနေမှုဘဝအဆင့်အတန်းရရှိခွင့်။
- အပိုဒ်(၂၈)မူလတန်းပညာမသင်မနေရအပါအဝင်တန်းတူ ပညာသင်ကြားခွင့်။
- အပိုဒ်(၂၉)ကလေးများ၏ ကိုယ်ရည်ကိုယ်သွေးနှင့် ဗလငါးတန် တိုးတက်စေသော ပညာရေးဖြစ်ခြင်း။
- အပိုဒ်(၃၀)တိုင်းရင်းသားလူမျိုးစုဝင်ကလေးများ၏ ယဉ်ကျေးမှု ဘာသာစကားကို ကာကွယ်ပေးခြင်း။

- အပိုဒ်(၃၁)အပန်းဖြေအနားယူခွင့်။
- အပိုဒ်(၃၂)မတရားစီးပွားရေးအမြတ်ထုတ်မှု၊ စေခိုင်းမှုတို့မှ ကာကွယ်ပေးခြင်း။
- အပိုဒ်(၃၃) မူးယစ်ဆေးဝါးလုပ်ငန်းများတွင် မပါဝင်အောင် ကာကွယ်ပေးခြင်း။
- အပိုဒ်(၃၄)လိင်ပိုင်းဆိုင်ရာစော်ကားအမြတ်ထုတ်ခြင်းမှ ကာကွယ်ပေးခြင်း။
- အပိုဒ်(၃၅)နည်းမျိုးစုံဖြင့်ကူးသန်းရောင်းဝယ်ခြင်းမှကာကွယ် ပေးခြင်း။
- အပိုဒ်(၃၆)ကလေးများ၏ဘဝကိုထိခိုက်စေမည့် အဂတိ၊ အစွဲများမှ ကာကွယ်ပေးခြင်း။
- အပိုဒ်(၃၇) မတရားအပြစ်ပေးနှိပ်စက်ခြင်း၊ သေဒဏ်ပေးခြင်း တို့မှကာကွယ်ပေးခြင်း။
- အပိုဒ်(၃၈) အသက်၁၅နှစ်အောက်ကလေးများအား စစ်မှုထမ်း စေခြင်းမှ ကာကွယ်ပေးခြင်း။
- အပိုဒ်(၃၉)စော်ကားပစ်ပယ်ခံကလေးများအား နေသားတကျ ဖြစ်ရန်လုပ်ဆောင်ပေးခြင်း။
- အပိုဒ်(၄၀)ရာဇဝတ်မှုနှင့်ပတ်သက်နေသော ကလေးများကို ကလေးဥပဒေများဖြင့်သာ ကိုင်တွယ်ဖြေရှင်းခြင်း။

**ကလေးအခွင့်အရေးစာချုပ်ပါ အခွင့်အရေးများကို အမျိုးအစားများခွဲလိုက်ပါက (၄) မျိုးရှိပါသည်။ ၎င်းတို့မှာ-**

- အသက်ရှင်ခွင့်
- ဖွံ့ဖြိုးတိုးတက်ခွင့်
- ပါဝင်ခွင့်
- ကာကွယ်ခွင့် တို့ဖြစ်သည်။

**အသက်ရှင်ခွင့်ဆိုသည်မှာ**

- အသက်ရှင်ရပ်တည်ခွင့်ဆိုသည်မှာ ကလေးများ အသက်ရှင်ခွင့်နှင့် အသက်ရှင်ရန်လိုအပ်သော အချက်များကို ဆိုလိုခြင်းဖြစ်သည်။ လုံလောက်သော နေထိုင်မှုအဆင့်အတန်း၊ အိမ်ယာ၊ အစာအဟာရ နှင့် ဆေးဝါးကုသမှု ဆိုင်ရာများ ရယူခွင့် စသည်တို့ကို ဆိုလိုပါသည်။

## ဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာအခွင့်အရေးများ

- ဖွံ့ဖြိုးမှုဆိုင်ရာအခွင့်အရေးဆိုသည်မှာကလေးများ၏စွမ်းရည်ရှိသမျှဖွံ့ဖြိုးတိုးတက်လာနိုင်အောင်ပံ့ပိုးပေးသော အရာများကို ဆိုလိုသည်။ ဥပမာအားဖြင့် ပညာသင်ကြားခွင့်၊ အားကစားနှင့် အပန်းဖြေအနားယူခွင့်၊ ယဉ်ကျေးမှု လုပ်ငန်းများတွင်ပါဝင်ခွင့်၊ သတင်းများရယူခွင့်၊ လွတ်လပ်စွာတွေးခေါ်ခွင့်နှင့် ကိုးကွယ်ယုံကြည်ခွင့် တို့ဖြစ်သည်။

## ကာကွယ်ခံပိုင်ခွင့်ဆိုင်ရာအခွင့်အရေးများ

- ကာကွယ်မှုဆိုင်ရာအခွင့်အရေးဆိုသည်မှာ မတရားပြုမူခြင်း၊ လစ်လျူရှုခြင်းနှင့် အမြတ်ထုတ်စော်ကားခြင်းတို့မှ ကာကွယ်ပေးရန်လိုအပ်သော အချက်များဖြစ်သည်။ ဥပမာ– ဒုက္ခသည်ကလေးများအား ကာကွယ်ပေးခြင်း၊ လက်နက်ကိုင်စစ်ပွဲများအတွင်းမှ ကလေးများကို ကာကွယ် စောင့်ရှောက်ခြင်း၊ ကလေးအလုပ်သမား ခိုင်းစေခိုင်းမှုမှ တားဆီးခြင်း၊ ကလေးများအပေါ် လိင်ပိုင်းဆိုင်ရာ စော်ကားမှုမရှိအောင် တားဆီးစောင့်ရှောက်ပေးခြင်းတို့ကို ဆိုလိုပါသည်။
    - ခွဲခြားဖိနှိပ်ခြင်း၊လျစ်လျူရှုခြင်းတို့မှ ကာကွယ်ပေးခြင်း
    - မတရားပြုကျင့်ခြင်းနှင့် အမြတ်ထုတ်ခြင်းတို့မှ ကာကွယ်ပေးခြင်း
    - အရေးပေါ် အခြေအနေမျိုးတွင် ကာကွယ်စောင့်ရှောက်ပေးခြင်း

## ပါဝင်ဆောင်ရွက်ခွင့်ဆိုင်ရာအခွင့်အရေးများ

- ပါဝင်ဆောင်ရွက်မှုဆိုင် အခွင့်အရေးဆိုသည်မှာ ကလေးများနှင့် ပတ်သက်သော အကြောင်းအရာများကို တိုင်ပင် ဆွေးနွေးရာတွင် အသိပေးခြင်း၊ ၎င်းတို့၏ အယူအဆများကို ထည့်သွင်းစဉ်းစားစေခြင်း တို့ကို ဆိုလိုသည်။ လွတ်လပ်စွာတင်ပြပြောဆိုခွင့်၊ အဖွဲ့အစည်းများဖွဲ့စည်းခွင့်၊ ငြိမ်းချမ်းစွာစုဝေးခွင့် တို့ကို ဆိုလိုသည်။ ကလေးများ ဖွံ့ဖြိုးလာမှုနှင့် လိုက်လျောညီထွေးစွာ ၎င်းတို့၏ ပတ်ဝန်းကျင် လူ့ဘောင်လုပ်ငန်းများ အတွက်တိုးတက်ပါဝင်ခွင့်ပေးမှသာ အရွယ်ရောက်လာချိန်တွင် တာဝန်သိတတ်သော လူသားတစ်ယောက် ဖြစ်လာပေမည်။

မြန်မာနိုင်ငံအစိုးရသည် ကလေးအခွင့်အရေးစာချုပ်ကို 15 July 1991တွင်လည်းကောင်း၊ ကလေးများ၏ရုပ်ပုံ/ဗီဒီယိုများအား လိင်ပိုင်းဆိုင်ရာကိစ္စရပ်များတွင် အသုံးမပြုရေး စာချုပ်အား 16 January 2012 တွင်လည်းကောင်း၊ နောက်ဆက်တွဲစာချုပ်ဖြစ်သည့် ကလေးစစ်သားစေခိုင်းမှု ပပျောက်ရေးဆိုင်ရာသဘောတူစာချုပ်အား 27 September 2019 တွင်လည်းကောင်း၊ အတည်ပြုလက်မှတ်ရေးထိုးထားသောကြောင့် စာချုပ်ပါအခွင့်အရေးများအား လေးစားခြင်း၊ ကာကွယ်ပေးခြင်းနှင့် ဖြည့်ဆည်းပေးခြင်းတို့ကို လုပ်ဆောင်ပေးရန် အပြည့်အဝတာဝန်ရှိပါသည်။

## Deepening(လက်တွေ့ဘဝနှင့်ဆက်စပ်ခြင်း) (၁၀ မိနစ်)

- အဖွဲ့ (၃) ဖွဲ့ခွဲ၍ အောက်ပါ ဖြစ်စဉ်တစ်ခုစီပေး၍ (၅) မိနစ်ခန့်ဆွေးနွေးစေပါ။
  - အဖွဲ့ (၁) ကလေးတစ်ယောက်ကို ကျောင်းမတက်ခိုင်းဘဲ အလုပ်လုပ်ခိုင်းတယ်။
  - အဖွဲ့ (၂) ကလေးကို လူရှေ့မှာ ရိုက်တယ်။
  - အဖွဲ့ (၃) ကလေးကို သူ့အမြင် မေးမထားဘဲ ဆုံးဖြတ်ချက်ချတယ်။
- အဖွဲ့လိုက်အောက်ပါမေးခွန်းဖြင့် ဆွေးနွေးစေပါ။
  - ဒီလိုဖြစ်စဉ်မျိုးမိမိတို့ပတ်ဝန်းကျင်မှာရှိလား။
  - ကလေးအခွင့်အရေးစာချုပ်ထဲက ဘယ်အခွင့်အရေးအပိုဒ်ကို ချိုးဖောက်တာလဲ။
  - ဘယ်သူက ကာကွယ်ပေးဖို့တာဝန်ရှိလဲ။
- ထို့နောက်အဖွဲ့လိုက် တစ်ဖွဲ့လျှင် (၂) မိနစ်နှုန်းဖြင့်ပြန်လည်တင်ပြစေပါ။

## Assess (ဆန်းစစ်ခြင်း) (၅ မိနစ်)

- သင်တန်းသားတစ်ဦးစီအား အောက်ပါတို့ကိုဖြည့်စွက်စေပါ။

| |
|---|
| **မေးခွန်း (၁)**<br><br>ကလေးအခွင့်အရေးစာချုပ်အခြေခံမှုထဲကတစ်ခုကိုရေးပါ။<br><br>အဖြေမှန် ____________ |

| |
|---|
| **မေးခွန်း (၂)**<br><br>ကိုက်ညီသည့်အဖြေကိုရွေးပါ။<br><br>ကလေးတစ်ယောက်ကို ကျောင်းတက်ခွင့်ပေးခြင်း =<br><br>(က) ကာကွယ်ခွင့်<br><br>(ခ) ဖွံ့ဖြိုးတိုးတက်ခွင့်<br><br>(ဂ) အသက်ရှင်ခွင့် |
| **မေးခွန်း (၃)**<br><br>မည်သည့်အခွင့်အရေးအမျိုးအစားဖြစ်ကြောင်း ချရေးပါ။<br><br>ကလေးတစ်ယောက်ကို အမြင်ပြောခွင့်ပေးခြင်း = ________ |

**အဖြေမှန်**

- မေးခွန်းနံပါတ်(၁) : အခြေခံမူ (၄) ချက်ထဲမှ မည်သည့်အချက်မဆို ရေးနိုင်သည်
- မေးခွန်းနံပါတ်(၂) : (ခ)
- မေးခွန်းနံပါတ်(၂) : ပါဝင်ခွင့်ပေးခြင်း

## Synthesis (အနှစ်ချုပ်) (၅ မိနစ်)

- Facilitator မှ အထက်တွင်ဖြည့်စွက်ထားသောအကြောင်းအရာများနှင့်ပတ်သက်၍ အဖြေမှန်ကို ပြန်လည်ရှင်းပြပေးပါ။
- ထို့နောက်အောက်ပါတိုင်း အနှစ်ချုပ်ပေးပါ။

| |
|---|
| "အခွင့်အရေးဆိုသည်မှာ တောင်းဆိုရမည့်အရာ မဟုတ်ဘဲ မွေးရာပါ ရရှိရမည့်အရာ ဖြစ်ပါတယ်။ ဒါကြောင့် ကလေးအခွင့်အရေးဆိုတာ ကလေးတိုင်း မွေးကတည်းက ရရှိပိုင်ခွင့်ရှိတဲ့ အရာတွေဖြစ်ပါတယ်။ ကလေးတွေအနေနဲ့ အခွင့်အရေးမရဘူးဆိုရင် ချိုးဖောက်ခံနေရတာ ဖြစ်ပါတယ်" |

## သင်ခန်းစာ(၂) – ကလေးသူငယ်ကာကွယ်စောင့်ရှောက်ရေး၊ ကလေးသူငယ်နှင့် လက်နက်ကိုင်ပဋိပက္ခ

**အဓိကရည်ရွယ်ချက်** – ဘေးကင်းသော အခြေအနေ" နှင့် "မဘေးကင်းသော အခြေအနေ" ကို ခွဲခြား သိမြင်ရန်နှင့် ပဋိပက္ခအတွင်း ကလေးများအနေဖြင့် ကြုံတွေ့ရနိုင်သည့် ကြီးလေးသော ချိုးဖောက်မှုများကို သိရှိစေရန်။

**ဦးတည်အုပ်စု** – အသက် (၁၈) နှစ်အောက် ကလေးသူငယ်များကို ဦးတည်သည်။

**ဆွေးနွေးချိန်** – စုစုပေါင်းကြာချိန် (၆၀) မိနစ်။

### သင်ယူမှုရလဒ်

သင်တန်းပြီးဆုံးချိန်တွင် သင်တန်းသားများသည်

- ကလေးသူငယ်ကာကွယ်စောင့်ရှောက်ရေး (အကြမ်းဖက်မှု၊ အလွဲသုံးစားမှု၊ ခေါင်းပုံဖြတ်မှု၊ လျစ်လျူရှုမှု) ကို နားလည်လာမည် ။
- ကာကွယ်ပေးရန် တာဝန်ရှိသူများ (မိသားစု၊ ကျောင်း၊ လူထု၊ အစိုးရ) ကို ဖော်ထုတ်နိုင်မည် ။
- လက်နက်ကိုင်ပဋိပက္ခအတွင်း ကလေးများအပေါ် ကျူးလွန်သည့် ကြီးလေးသော ချိုးဖောက်မှုများကို သိရှိလာမည်။

### Activity (လှုပ်ရှားမှု) (၁၀ မိနစ်)

- သင်တန်းသားများအား အဖွဲ့ (၅) ဖွဲ့ခွဲပါ။
- Facilitator မှအောက်ပါအတိုင်း Safe / Unsafe cardများအားပေး၍ ဆွေးနွေးချိန် (၁၀) မိနစ် ပေးပါ။
    - အဖွဲ့ (၁) School & Community
    - အဖွဲ့ (၂) Family Situation
    - အဖွဲ့ (၃) IDP Camp / Humanitarian Context

- အဖွဲ့ (၄) Online Safety
- အဖွဲ့ (၅) Exploitation / Trafficking Risk

- ထို Card ပါအကြောင်းအရာကိုဖတ်၍ "Safe/Unsafe/Not sure ဖြစ်မလား။ ဘာကြောင့်လဲ။" စဉ်းစားဆွေးနွေးစေပါ။
- ထို့နောက် ဆွေးနွေးချက်များကို အဖွဲ့လိုက်ပြန်လည်တင်ပြစေပါ။

**ကျောင်းနှင့်ရပ်ရွာလူထုအခြေအနေ**

1. ကျောင်းမှာ ဆရာမတစ်ယောက်က ကလေးတွေကို မေးခွန်းမေးပြီး သူတို့အမြင်ကို လေးစားနားထောင်ပေးတယ်။
2. ကျောင်းဆရာက ကလေးတစ်ယောက် အမှားလုပ်တယ်ဆိုပြီး လူရှေ့မှာ ရိုက်တယ်။
3. ကျောင်းပြီးတဲ့အချိန် ဆရာတစ်ယောက်က "မင်းတစ်ယောက်တည်း အခန်းထဲလာခဲ့" လို့ ပြောပြီး မလိုလားအပ်တဲ့ ထိတွေ့မှုတွေ လုပ်တယ်။

**မိသားစုအခြေအနေ**

4. မိဘတွေက ကလေးကို ကျောင်းတက်ခိုင်းပြီး စာကြိုးစားဖို့ အားပေးတယ်။
5. မိသားစုက ကလေးကို ကျောင်းမတက်ခိုင်းဘဲ နေ့တိုင်း အလုပ်လုပ်ခိုင်းတယ်။
6. ကလေးတစ်ယောက် အန္တရာယ်ဖြစ်တဲ့အခါ မိဘကို ပြောပြီး အကူအညီတောင်းတယ်။

**စစ်ရှောင်စခန်းနှင့်လူသားချင်းစာနာမှုအကူအညီပေးသည့်အခြေအနေ**

7. Camp ထဲမှာ NGO တစ်ခုက ကလေးတွေကို ပညာရေး activity လုပ်ပေးတယ်။
8. Camp ထဲမှာ လူကြီးတစ်ယောက်က မုန့်ကျွေးမယ်ဆိုကာ ကလေးကိုတစ်ဦးတည်း လာခဲ့ ရန်ခေါ်တယ်။
9. Camp ထဲမှာ ကလေးတွေကို ညဘက် တစ်ယောက်တည်း မသွားဖို့ သတိပေးတယ်။

**အွန်လိုင်းလုံခြုံမှုအခြေအနေ**

10. Facebook မှာ မသိတဲ့လူတစ်ယောက်က "မင်း photo ပို့ပါ" လို့ message ပို့တယ်။
11. Online မှာ စကားပြောဖြစ်တဲ့သူတစ်ယောက်က "မင်းနဲ့အပြင်မှာတွေ့ချင်တယ်"လို့ ပြောတယ်။
12. Online တွင် ရွာထဲမှ လူကြီးတစ်ဦးက စကားလာပြောပြီးနောက် မသင့်တော်တဲ့ပုံတွေ ပို့တဲ့အတွက် အမေကို အသိပေးလိုက်တယ်။

**အမြတ်ထုတ်ခြင်း/လူကုန်ကူးခံရနိုင်မှုအခြေအနေ**

13. မသိတဲ့လူတစ်ယောက်က "မြို့မှာ အလုပ်ကောင်းပေးမယ်၊ ငါနဲ့လိုက်ခဲ့" လို့ ပြောတယ်။
14. လူကြီးတစ်ယောက်က "မင်းမိသားစုကို ကူညီမယ်၊ ဒါပေမယ့် မင်း ငါနဲ့လိုက်ရမယ်" လို့ ပြောတယ်။
15. ကလေးတစ်ယောက်ကို လမ်းမှာ မသိတဲ့လူက လက်ဆောင်ပေးပြီး ခေါ်သွားချင်တယ်။

**Discussion(အပြန်အလှန်ဆွေးနွေးခြင်း) (၁၀ မိနစ်)**

Facilitator မှ အောက်ပါမေးခွန်းများဖြင့်အုပ်စုကြီးအတွင်း ပြန်လည်ဆွေးနွေးပေးပါ။

- ဆွေးနွေးတင်ပြချက်တွေကိုကြည့်မယ်ဆိုရင် ဘယ်နေရာတွေမှာ ကလေးတွေအတွက် မလုံခြုံဘူးဆိုတာကို တွေ့ရလဲ။ (သာမန်အခြေအနေမှာရော ပဋိပက္ခအခြေအနေမှာပါ မလုံခြုံဘူးဆိုသည်ကို မြင်လာအောင်မေးပါ။)
- ဒီလို မလုံခြုံဘူးဆိုတဲ့အခြေအနေမှာ ဘယ်သူတွေက ကာကွယ်ပေးဖို့ တာဝန်ရှိသလဲ။
- ဒီလိုအခြေအနေတွေက ပဋိပက္ခအခြေအနေအတွင်းမှာဆိုရင် ပိုများလာနိုင်မလား။ ဘာကြောင့်လဲ။

**Conjunction:** ဒီဆွေးနွေးမှုကိုကြည့်လိုက်မယ်ဆိုရင် ကလေးတွေက နေရာပေါင်းစုံမှာ ကာကွယ်ပေးဖို့ လိုအပ်နေတယ်ဆိုတဲ့ အခြေအနေကို တွေ့ရမှာဖြစ်တယ်။ ကလေးများအား ကာကွယ်ပေးခြင်းက ဘာလဲဆိုတာ လေ့လာကြည့်ကြရအောင်။

**Input (ဗဟုသုတပေးခြင်း) (၁၀မိနစ်)**

## Child Protection ဆိုတာ

Child Protection ဆိုသည်မှာ ကလေးများအပေါ် ဖြစ်ပေါ်လာနိုင်သော **တလွဲအသုံးပြုမှု (Abuse)၊ လစ်လျူရှုမှု (Neglect)၊ အမြတ်ထုတ်မှု (Exploitation) နှင့် အကြမ်းဖက်မှု (Violence)** များကို ကြိုတင်ကာကွယ်ခြင်း (prevention) နှင့် တုံ့ပြန်ကာကွယ်ဆောင်ရွက်ခြင်း (response) ကို ဆိုလိုသည်။

## Abuse (အလွဲသုံးစားပြုမှု / မတရားနှိပ်စက်မှု)

Abuse (တလွဲအသုံးပြုမှု) ဆိုသည်မှာ ကလေး၏ လုံခြုံရေး၊ ကျန်းမာရေး၊ ဂုဏ်သိက္ခာနှင့် ဖွံ့ဖြိုးတိုးတက်မှုကို ထိခိုက်စေသော သို့မဟုတ် ထိခိုက်စေနိုင်သော ရည်ရွယ်၍ ပြုလုပ်သည့် မတရားဆက်ဆံမှု ကို ဆိုလိုသည်။

- Physical abuse (ရုပ်ပိုင်းဆိုင်ရာတလွဲအသုံးပြုမှု)
- Sexual abuse(လိင်ပိုင်းဆိုင်တလွဲအသုံးပြုမှု)
- Psychological/ Emotional abuse (စိတ်ပိုင်းဆိုင်ရာ တလွဲအသုံးပြုမှု)

## Neglect (ပစ်ပယ်မှု / လျစ်လျူရှုမှု)

Neglect ဆိုသည်မှာ ကလေး၏ လုံခြုံရေးနှင့် ဖွံ့ဖြိုးတိုးတက်မှုအတွက် လိုအပ်သော စောင့်ရှောက်မှုကို ရည်ရွယ်ချက်ရှိရှိဖြင့် မပေးခြင်း သို့မဟုတ် အလေးမထားပေးခြင်း ဖြစ်သည်။

အဓိက စောင့်ရှောက်မှု မလုပ်ဆောင်ခြင်းကြောင့် ကလေး၏ ကျန်းမာရေး၊ စိတ်ပိုင်းဆိုင်ရာ ဖွံ့ဖြိုးမှု၊ လူမှုရေးဖွံ့ဖြိုးမှုတို့ ထိခိုက်စေသည်။

- ကလေးကိုစွန့်ပစ်ခြင်း
- ကလေးကို မကာကွယ်ခြင်း
- လိုအပ်သောကျန်းမာရေးကုသမှုမပေးခြင်း
- အန္တရာယ်ရှိသော အခြေအနေများတွင်ထားခြင်း

## Exploitation (အမြတ်ထုတ်ခြင်း)

Child exploitation ဆိုသည်မှာ ကလေးကို အခြားသူ၏ အကျိုးအမြတ်၊ စိတ်ကျေနပ်မှု သို့မဟုတ် အကျိုးအတွက် အသုံးချခြင်း ဖြစ်သည်။

ထိုလုပ်ရပ်များသည် ကလေး၏ ကျန်းမာရေး၊ ပညာရေး၊ စိတ်ပိုင်းဆိုင်ရာ ဖွံ့ဖြိုးမှု၊ လူမှုရေးဖွံ့ဖြိုးမှုတို့ကို ထိခိုက်စေသည်။

- Sexual Exploitation (လိင်ပိုင်းဆိုင်ရာ အမြတ်ထုတ်ခြင်း)
- Economic Exploitation (စီးပွားရေး အမြတ်ထုတ်ခြင်း)

## Violence (အကြမ်းဖက်မှု)

ကလေးအပေါ် ကိုယ်ခန္ဓာ သို့မဟုတ် အာဏာကို ရည်ရွယ်၍ အသုံးပြုခြင်း ဖြစ်ပြီး ဒဏ်ရာ၊ ထိခိုက်မှု၊ ဖွံ့ဖြိုးမှုထိခိုက်မှု၊ ဂုဏ်သိက္ခာထိခိုက်မှုတို့ ဖြစ်ပေါ်စေနိုင်သည်။

- Self-directed violence (ကိုယ့်ကိုယ်ကို အကြမ်းဖက်မှု)
- Interpersonal violence (လူအချင်းချင်း အကြမ်းဖက်မှု)_ရုပ်ပိုင်းဆိုင်ရာအကြမ်းဖက်ခြင်း၊ အိမ်တွင်းအကြမ်းဖက်ခြင်း။
- Collective violence (အုပ်စုအကြမ်းဖက်မှု)_နိုင်ငံတကာစစ်၊ ပြည်တွင်းစစ်၊ အကြမ်းဖက်မှုများတွင် ကလေးများအား အကြမ်းဖက်ခြင်း။

## Harm (ထိခိုက်မှု)

ကလေးအပေါ် exploitation၊ violence၊ abuse၊ neglect တို့ကြောင့် ဖြစ်ပေါ်သော ထိခိုက်မှုဖြစ်သည်။ ထိခိုက်မှုများသည် ကိုယ်ခန္ဓာ၊ စိတ်ပိုင်းဆိုင်ရာ၊ လူမှုရေး၊ ပညာရေး တို့တွင် ဖြစ်ပေါ်နိုင်သည်။ ထို့ကြောင့် ကလေးများအပေါ် ထိခိုက်မှုမဖြစ်အောင်ကာကွယ်ပေးရမည်။

**Emergencies (အရေးပေါ်အခြေအနေများ)တွင်ကာကွယ်ပေးခြင်း**

ကလေး၏ အသက်ရှင်မှု၊ ကျန်းမာရေး၊ ဖွံ့ဖြိုးတိုးတက်မှု တို့ကို အန္တရာယ်ရှိစေသော အခြေအနေများ ဖြစ်သည်။

- စစ်ပွဲ
- လူမှုစနစ် ပျက်စီးမှု
- သဘာဝဘေးအန္တရာယ်

**Duty Bearers & Responsibility (တာဝန်ရှိသူများ)**

- မိဘ/အုပ်ထိန်းသူ
- ကျောင်း
- အစိုးရ
- လူမှုအသိုင်းအဝိုင်း
- ကလေးများ/လူငယ်များ

***Note for facilitator:*** *အထက်တွင်ပေးထားသော ဗဟုသုတများအား အချိန်ပေါ်မူတည်၍ လိုအပ်သလောက်သာ မျှဝေပါ။*

**Conjunction:** အခုဆိုရင် ကလေးတွေကို ဘယ်လိုအခြေအနေတွေကနေ ကာကွယ်ပေးရမယ်ဆိုတာကို သိသွားပြီလို့ထင်ပါတယ်။ ကလေးတွေကိုယ်တိုင်ကလည်း ကိုယ့်ရဲ့ အန္တရာယ်ကို ကိုယ်တိုင်သိဖို့ အရေးကြီးပါတယ်။ ဒါကြောင့် အခုဆက်လက်ပြီးတော့ လက်နက်ကိုင်ပဋိပက္ခအတွင်း ကလေးတွေအပေါ် ကျူးလွန်လေ့ရှိကြတဲ့ ကြီးလေးသောအခွင့်အရေးချိုးဖောက်မှုတွေအကြောင်း ဆက်ဆွေးနွေးကြရအောင်။

**Input (ဗဟုသုတပေးခြင်း) (၁၀ မိနစ်)**

## ကလေးများနှင့်လက်နက်ကိုင်ပဋိပက္ခ (Children and Armed Conflict)

လက်နက်ကိုင်ပဋိပက္ခများအတွင်း ကလေးများအပေါ် အောက်ပါများကို ကျူးလွန်ပါက ကြီးလေးသော အခွင့်အရေးချိုးဖောက်မှုအဖြစ် ကုလသမဂ္ဂလုံခြုံရေးကောင်စီမှသတ်မှတ်ထားပါသည်။

- ကလေးသူငယ်များကို သတ်ဖြတ်ခြင်းနှင့် ကိုယ်အင်္ဂါ မသန်စွမ်းဖြစ်စေခြင်း (Killing and Maiming)
- ကလေးသူငယ်များကို စုဆောင်းခြင်းနှင့် အသုံးပြုခြင်း (Recruitment and Use of Children)
- စာသင်ကျောင်းများနှင့် ဆေးရုံများကို တိုက်ခိုက်ခြင်း (Attacks on Schools and Hospitals)
- မုဒိမ်းကျင့်ခြင်းနှင့် အခြားသော လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှုများ (Rape and Other Forms of Sexual Violence)
- ကလေးသူငယ်များကို ပြန်ပေးဆွဲခြင်း (Abduction of Children)
- လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကူအညီများ ပေးခွင့်မပြုခြင်း (Denial of Humanitarian Access)

## ကလေးသူငယ်များကို သတ်ဖြတ်ခြင်းနှင့် ကိုယ်အင်္ဂါ မသန်စွမ်းဖြစ်စေခြင်း (Killing and Maiming)

ပဋိပက္ခအတွင်း ကလေးသူငယ်များကို တိုက်ရိုက်ပစ်မှတ်ထား သတ်ဖြတ်ခြင်း၊ မတော်တဆ သေဆုံးစေခြင်းအပြင် မြေမြှုပ်မိုင်းနှင့် မပေါက်ကွဲသေးသော စစ်ကျန်လက်နက်များကြောင့် ထိခိုက်ဒဏ်ရာရရှိစေခြင်းတို့ကို ဆိုလိုသည်။

**သတ်ဖြတ်ခြင်း** ဆိုသည်မှာ အသက် (၁၈) နှစ်အောက်ရှိကလေးတစ်ယောက် (သို့မဟုတ်) တစ်ယောက်ထက်ပိုသော ကလေးများကို သေဆုံးစေသည့် လုပ်ဆောင်ချက်မှန်သမျှကို ဆိုလိုသည်။
**မသန်စွမ်းဖြစ်စေခြင်း** ဆိုသည်မှာအသက် ၁၈ နှစ်အောက်ရှိသူ ကလေးတစ်ဦး (သို့မဟုတ်) တစ်ဦးထက်ပိုသူများအပေါ် ရည်ရွယ်ချက်ရှိရှိဖြင့် ပြင်းထန်စွာ ထိခိုက်ဒဏ်ရာရရှိစေခြင်းကို ဆိုလိုသည်။

**ကလေးသူငယ်များကို စုဆောင်းခြင်းနှင့် အသုံးပြုခြင်း (Recruitment and Use of Children)**

အသက် ၁၈ နှစ်မပြည့်သေးသော ကလေးသူငယ်များကို လက်နက်ကိုင်တပ်ဖွဲ့များ သို့မဟုတ် အဖွဲ့အစည်းများတွင် မည်သည့်ကဏ္ဍ၌မဆို ပါဝင်စေခြင်းဖြစ်သည်။ (မှတ်ချက် – တိုက်ပွဲဝင် စစ်သည်အဖြစ်သာမက အချက်အပြုတ်၊ အထမ်းသမား၊ သတင်းပို့သူ သို့မဟုတ် ကာမပိုင်းဆိုင်ရာ အသုံးချခံရသူများလည်း ပါဝင်သည်။)

**စာသင်ကျောင်းများနှင့် ဆေးရုံများကို တိုက်ခိုက်ခြင်း (Attacks on Schools and Hospitals)**

ပညာရေးနှင့် ကျန်းမာရေးဆိုင်ရာ အဆောက်အအုံများ၊ ယင်းဌာနများရှိ ဝန်ထမ်းများကို တိုက်ရိုက်ပစ်မှတ်ထား တိုက်ခိုက်ခြင်း ဖြစ်သည်။ ၎င်းသည် ကလေးသူငယ်များ၏ ပညာသင်ကြားခွင့်နှင့် အသက်ကယ်ဆယ်နိုင်သော ကျန်းမာရေးစောင့်ရှောက်မှု ရပိုင်ခွင့်တို့ကို ပိတ်ပင်တားဆီးခြင်း ဖြစ်သည်။

**မုဒိမ်းကျင့်ခြင်းနှင့် အခြားသော လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှုများ (Rape and Other Forms of Sexual Violence)**

ပဋိပက္ခတွင် ပါဝင်နေသူများက ကလေးသူငယ်များအပေါ် ကျူးလွန်သည့် လိင်ကျွန်ပြုခြင်း၊ အဓမ္မပြည့်တန်ဆာပြုခြင်း၊ အဓမ္မကိုယ်ဝန်ဆောင်စေခြင်းနှင့် အခြားသော ကြီးလေးသည့် လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှုများ ပါဝင်သည်။

အသက်(၁၈)နှစ်အောက်ရှိသော ကလေးများ အပေါ် လက်နက်ကိုင် အင်အားစုများက ဖြစ်စေ၊ အခြားလက်နက်ကိုင် တပ်ဖွဲ့များက ဖြစ်စေ မုဒိမ်းမှု ကျူးလွန်ခြင်းနှင့် အခြားသော လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှု များအား ကျူးလွန်ခြင်းကို ဆိုလိုသည်။

**ကလေးသူငယ်များကို ပြန်ပေးဆွဲခြင်း (Abduction of Children)**

ကလေးသူငယ်များကို ဖမ်းဆီးခေါ်ဆောင်ခြင်း သို့မဟုတ် တရားမဝင် ထိန်းသိမ်းခြင်းဖြစ်သည်။ ယင်းသည် ကလေးများကို စစ်သားအဖြစ် စုဆောင်းရန်၊ လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်ရန်၊ ကျွန်အဖြစ်စေခိုင်းခြင်း၊ လူကုန်ကူးရန် သို့မဟုတ် ငွေညှစ်ရန်အတွက် အခြေခံလုပ်ရပ် ဖြစ်လေ့ရှိသည်။

## လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကူအညီများ ပေးခွင့်မပြုခြင်း (Denial of Humanitarian Access)

ကလေးသူငယ်များထံသို့ ရောက်ရှိရမည့် လူသားချင်းစာနာမှု အကူအညီများကို တမင်တကာ ပိတ်ပင်တားဆီးခြင်း ဖြစ်သည်။ ၎င်းတွင် အစားအစာ၊ ဆေးဝါးနှင့် ကူညီထောက်ပံ့ရေး ပစ္စည်းများကို ပိတ်ပင်ခြင်း သို့မဟုတ် ကူညီကယ်ဆယ်ရေး ဝန်ထမ်းများကို တိုက်ခိုက်ခြင်းတို့ ပါဝင်သည်။

| Deepening(လက်တွေ့ဘဝနှင့်ဆက်စပ်ခြင်း) | (၁၀ မိနစ်) |
|---|---|

အောက်ပါတို့ကို အုပ်စုကြီးအတွင်းမေးမြန်းပါ။

- မိမိတို့ပတ်ဝန်းကျင်ရှိ ကလေးတွေအနေဖြင့် အထက်တွင်ဆွေးနွေးခဲ့သော ကြီးလေးသည့် ချိုးဖောက်များထဲမှ မည်သည့်ချိုးဖောက်မှုကို ကျူးလွန်ခံနေရသနည်း။
- မည်သူတွေကကျူးလွန်နေပါသနည်း။
- တစ်ဦးချင်းစီ လက်ထောင်၍ ၎င်းတို့၏အတွေ့အကြုံအား မျှဝေစေပါ။

| Assess (အကဲဖြတ်သုံးသပ်ခြင်း) | (၁၀ မိနစ်) |
|---|---|

- သင်တန်းသားတစ်ဦးချင်းစီအား အောက်ပါအတိုင်း ချရေးစေပါ။

| အောက်ပါအကြောင်းအရာအား လုံခြုံသည်/မလုံခြုံပါ ဆုံးဖြတ်ပါ။ | လုံခြုံသည် | မလုံခြုံပါ |
|---|---|---|
| မသိတဲ့လူတစ်ယောက်က Facebook မှာ “မင်းနဲ့တွေ့ချင်တယ်” လို့ message ပို့တယ်။ | | |
| ကလေးတစ်ယောက် အန္တရာယ်ဖြစ်တဲ့အခါ မိဘကို ပြောပြီး အကူအညီတောင်းတယ်။ | | |

| **“ကလေးများနှင့်လက်နက်ကိုင်ပဋိပက္ခ” အတွင်းရှိ ကလေးများအပေါ် ကြီးလေးသည့် ချိုးဖောက်မှုများထဲမှ ချိုးဖောက်မှု (၂) ခု ရေးပါ။**<br>(၁)<br>(၂) |
|---|

| |
|---|
| **မိမိအနေဖြင့် မလုံခြုံဘူးဟု ခံစားရပါက ချက်ချင်းလုပ်ဆောင်မည့်အရာများကို စဉ်းစားပြီး ချရေးပါ။**<br>(၁)<br>(၂)<br>(၃) |

**Synthesis (အနှစ်ချုပ်ခြင်း)** **(၅ မိနစ်)**

- Facilitator မှ အောက်ပါအတိုင်းပြန်လည်အနှစ်ချုပ်ပေးပါ။

| |
|---|
| ကလေးတိုင်းသည် ပဋိပက္ခအတွင်းမှာပင် ဘေးကင်းလုံခြုံစွာ ရှင်သန်ခွင့်ရှိပါတယ်။ ကလေးတွေကို ကာကွယ်ပေးဖို့က လူကြီးတွေ၊ မိဘတွေ၊ ဆရာတွေ၊ အစိုးရတွေရဲ့ တာဝန်ဖြစ်တယ်။ ဒါပေမယ့် ကလေးတွေကိုယ်တိုင်လည်း–<br>• အန္တရာယ်ကို သိနိုင်ရမယ်<br>• Unsafe situation ကို ရှောင်နိုင်ရမယ်<br>• ယုံကြည်ရသူကိုပြောနိုင်ရမှာဖြစ်တယ်။ |

## သင်ခန်းစာ (၃)တိုင်ကြားခြင်းနှင့် အကူအညီတောင်းခံခြင်း

**အဓိကရည်ရွယ်ချက်** – ပဋိပက္ခအတွင်း ကလေးအခွင့်အရေး ချိုးဖောက်ခံရပါက မည်သို့ တိုင်ကြားရမည်ကိုသိရှိပြီး ဘေးကင်းစွာ သတင်းပို့တိုင်ကြားနိုင်မည့် နည်းလမ်းများအား စဉ်းစားတွေးခေါ်လာနိုင်စေရန်။

**ဦးတည်အုပ်စု** – အသက် (၁၈) နှစ်အောက် ကလေးသူငယ်များကို ဦးတည်သည်။

**ဆွေးနွေးချိန်** – စုစုပေါင်းကြာချိန် (၆၀) မိနစ်။

### သင်ယူမှုရလဒ်

- အခွင့်အရေး ချိုးဖောက်ခံရပါက တိုင်ကြားရမည့် နည်းလမ်းများကို သိရှိမည်။
- အန္တရာယ်ရှိသော အခြေအနေတွင် (မည်သူ့ကို ပြောမည်၊ မည်သည့်နေရာသို့ သွားမည်) ကို ဆုံးဖြတ်နိုင်မည်။
- မိမိနှင့် သူငယ်ချင်းများအတွက် ကာကွယ်မှုဆိုင်ရာ အပြုအမူများကို လက်တွေ့ လုပ်ဆောင်နိုင်မည်။

### Activity (လှုပ်ရှားမှု) (၁၀ မိနစ်)

- Facilitator မှ **Comic Book (ရုပ်ပြစာအုပ်)** မိတ္တူများကို သင်တန်းသားများအား ဖြန့်ဝေပေးပါ။ (Projector ဖြင့် ပြသလျှင်လည်း ရသည်)။
- သင်တန်းသားများကို (၁၀) မိနစ်အချိန်ပေးပြီး ရုပ်ပြစာအုပ်ကို သေချာဖတ်ရှုခိုင်းပါ။

### Discussion (အပြန်အလှန်ဆွေးနွေးခြင်း) (၁၀ မိနစ်)

- ရုပ်ပြစာအုပ်ထဲမှာ ဘာအဖြစ်အပျက်ကို ဖော်ပြထားလဲ။
- ဒီရုပ်ပြစာအုပ်ထဲက အဖြစ်အပျက်လေးကို ဖတ်ပြီးတဲ့အခါ ဘယ်လိုခံစားရလဲ။
- မိမိတို့ဒေသက ကလေးတွေကရော ဘယ်လိုအကာအကွယ်တွေခံစားခွင့်ရှိနေလဲ။
- ဒီလို အဖြစ်အပျက်မျိုး ကိုယ့်ပတ်ဝန်းကျင်မှာဖြစ်ရင် ဘယ်သူ့ဆီမှာ အရင်ဆုံး တိုင်ကြားနိုင်မယ်လို့ထင်လဲ။

**Input (ဗဟုသုတပေးခြင်း) (၁၀ မိနစ်)**

**ဘေးကင်းရေး ရွှေရောင်စည်းမျဉ်းများ" (Golden Rules)**

- တိုင်ကြားခြင်း: အခွင့်အရေး ချိုးဖောက်ခံရပါက ယုံကြည်ရသူ သို့မဟုတ် အဖွဲ့အစည်းထံ အသိပေးခြင်း။
- လိုက်နာရန်အချက်များ:
  - တစ်ယောက်တည်း မသွားပါနှင့်။ ယုံကြည်ရသူနှင့်အတူ သွားပါ။
  - လက်နက်ကိုင်များနှင့် တိုက်ရိုက် ရင်မဆိုင်ပါနှင့်။
  - မိမိ၏ အချက်အလက်များကို လျှို့ဝှက်စွာ ထိန်းသိမ်းပါ။
  - လုံခြုံစိတ်ချရသော လမ်းကြောင်းမှ တိုင်ကြားပါ။

**ကလေးများအတွက် ဘေးကင်းရေး လမ်းညွှန်မြေပုံ**


| အဆင့် | လုပ်ဆောင်ချက် | တာဝန်ရှိသူ |
|---|---|---|
| အသိပညာရှိခြင်း | မိမိအခွင့်အရေးကို သိရှိခြင်း (လိုအပ်ချက် နှင့် အလိုဆန္ဒ ခွဲခြားခြင်း) | လူကြီးများက ပံ့ပိုးကူညီရန် တာဝန်ရှိသည် |
| အခြေအနေကို သိမြင်ခြင်း | ဘေးမကင်းသော အခြေအနေ (အလွဲသုံးစားမှု၊ ပဋိပက္ခ) ကို ခွဲခြားသိခြင်း | ကလေး ကိုယ်တိုင် အန္တရာယ်ကို သိနိုင်ရမည် |
| လက်တွေ့လုပ်ဆောင်ခြင်း | ရွှေရောင်စည်းမျဉ်းများကိုသုံး၍ အကူအညီ တောင်းခြင်း | ယုံကြည်ရသူကို ချက်ချင်း ပြောပြရမည် |

ထို့နောက် လိုအပ်ပါကဒေသလိုက် တိုင်ကြားနိုင်သည့်နေရာများကို ဆွေးနွေးပေးပါ။ နောက်ဆက်တွဲတွင် ဖော်ပြထားပါသည်။ သင်တန်းသားအခြေအနေအပေါ် မူတည်၍ အောက်ပါ Monitoring Reporting Mechanism ကိုလည်းရှင်းပြနိုင်သည်။

## ကလေးများနှင့် လက်နက်ကိုင်ပဋိပက္ခဆိုင်ရာ စောင့်ကြည့်ခြင်းနှင့် အစီရင်ခံခြင်းယန္တရား (Monitoring Reporting Mechanism)




## ကလေးများနှင့် လက်နက်ကိုင်ပဋိပက္ခဆိုင်ရာ စောင့်ကြည့်ခြင်းနှင့် အစီရင်ခံမှုစနစ်



## Deepening (လက်တွေ့ဘဝနှင့်ဆက်စပ်ခြင်း) (၁၅မိနစ်)

- သင်တန်းသားများအား သင့်လျော်သလိုအဖွဲ့ခွဲပါ။
- မိမိတို့နေရာနေရာမှာ ကလေးတစ်ဦး အကြမ်းဖက်ခံရပြီး (သို့) အခွင့်အရေး ချိုးဖောက်ခံရပြီး ဆိုရင် ဘယ်နေရာမှာ အကူအညီတောင်းမလဲ ဆိုသည်ကို အောက်ပါ ပုံတွင်ပြထားသော ပုံကဲ့သို့ Map (လမ်းပြမြေပုံ) ဆွဲစေပါ။
- ရေးဆွဲရာတွင် အထက်တွင်ဆွေးနွေးခဲ့သော ဘေးကင်းလုံခြုံရေးဆိုင်ရာ စည်းမျဉ်းများကို ထည့်သွင်းစဉ်းစားရမည်ဖြစ်ကြောင်းပြောပါ။
- ထို့နောက် ဆွေးနွေးချိန်ပေး၍ ပြန်လည်တင်ပြစေပါ။



## Assess (အကဲဖြတ်သုံးသပ်ခြင်း) (၁၀မိနစ်)

- ကလေးငယ်တစ်ဦးစီအား အောက်ပါ Check list card အား တစ်ခုစီဝေပေးပါ။
- ထို့နောက် "မိမိအနေဖြင့် (သို့) မိမိသူငယ်ချင်းအနေဖြင့် ချိုးဖောက်ခံရသည့်အဖြစ်အပျက်ကို ကြုံတွေ့ခဲ့ရပါက မည်သို့ဆောင်ရွက်မည်နည်း"ဆိုသည်ကိုချရေးစေပါ။
    - ယုံကြည်ရသူဘယ်သူလဲ။ (အနည်းဆုံး ၂ ဦး)
    - ဘယ်သူ့ကိုအရင်ဆုံးပြောမလဲ။
    - ဘယ်နေရာကိုသွားမလဲ။
    - ဘာတွေမလုပ်သင့်ဘူးလဲ။

## Synthesis (အနှစ်ချုပ်ခြင်း) (၅ မိနစ်)

- ကလေးများအနေဖြင့် အန္တရာယ်ထဲ ကျရောက်နေပါက တိုင်ကြားဖို့နဲ့ ကူညီပေးနိုင်မည့်သူကို ရှာဖို့လိုကြောင်းပြောပါ။
- ထို့နောက် facilitator မှ အောက်ပါအတိုင်းပြောပြ၍အနှစ်ချုပ်ပါ။

> - ကလေးအခွင့်အရေးဆိုသည်မှာ ကလေးတိုင်း ရသင့်ရထိုက်သော အရာများဖြစ်သည်။ လူကြီးများတွင် ကလေးများကို ကာကွယ်ပေးရန် တာဝန်ရှိသကဲ့သို့ ကလေးများ ကိုယ်တိုင်ကလည်း အန္တရာယ်ကို သိရှိပြီး မည်သူ့ထံ အကူအညီတောင်းရမည်ကို သိရှိထားရန် လိုအပ်သည်။
> - အကူအညီတောင်းခြင်းသည် ကြောက်စရာမဟုတ်ဘဲ မိမိကိုယ်ကိုယ် ကာကွယ်ခြင်း ဖြစ်သည်။ မိမိတို့ကလေးများအနေဖြင့် အန္တရာယ်ထဲ ကျရောက်နေပါက တိုင်ကြားရန်လိုအပ်ပြီး မိမိအားကူညီပေးနိုင်မည့်သူကို ပြောပြရန်လိုအပ်သည်။ ထိုသို့ သတင်းပေးတိုင်ကြားရာတွင်လည်း အထက်တွင်ဆွေးနွေးခဲ့သော လုံခြုံဘေးကင်းရေးဆိုင်ရာ စည်းမျဉ်းများကို လိုက်နာရန်လိုအပ်သည်။
> - ထို့အပြင် မိမိတို့၏ ရပ်ရွာအတွင်း ကလေးအခွင့်အရေး ပိုမိုထွန်းကားလာစေရန်အတွက် မိမိတို့အနေဖြင့် တတ်နိုင်သလောက် လှုပ်ရှားမှုများဆောင်ရွက်ရမည်ဖြစ်သည်။

# သင်ထောက်ကူပစ္စည်းများ (IEC)

**သင်ခန်းစာ (၁) ကလေးအခွင့်အရေးအားနားလည်ခြင်း**






**သင်ခန်းစာ(၁) လှုပ်ရှားမှုအချိန်တွင် အသုံးပြုရမည့် သင်ထောက်ကူများ**

MODULE 1

# သင်ခန်းစာအားဆန်းစစ်ခြင်း

## Question 1

ကလေးအခွင့်အရေးအခြေခံမူထဲကတစ်ခုကိုရေးပါ။

## Question 2

ကိုက်ညီသည့်အဖြေကိုရွေးပါ။
ကလေးတစ်ယောက်ကို ကျောင်းတက်ခွင့်ပေးခြင်း =

(က) ကာကွယ်ခွင့်
(ခ) ဖွံ့ဖြိုးတိုးတက်ခွင့်
(ဂ) အသက်ရှင်ခွင့်

## Question 3

မည်သည့်အခွင့်အရေးအမျိုးအစား ဖြစ်ကြောင်းချရေးပါ။
ကလေးတစ်ယောက်ကို အမြင်ပြောခွင့်ပေးခြင်း =

**သင်ခန်းစာ(၁) အကဲဖြတ်ခြင်းအချိန်တွင် အသုံးပြုရမည့် သင်ထောက်ကူများ**

## သင်ခန်းစာ(၂) ကလေးများအားကာကွယ်ခြင်း၊ ကလေးများနှင့် လက်နက်ကိုင်ပဋိပက္ခ

































## သင်ခန်းစာ (၂) လှုပ်ရှားမှုအချိန်တွင်အသုံးပြုရမည့်သင်ထောက်ကူများ


MODULE 2

သင်ခန်းစာအားဆန်းစစ်ခြင်း

NAME

PLACE


| အောက်ပါအကြောင်းအရာအား လုံခြုံသည်/ မလုံခြုံပါ ဆုံးဖြတ်ပါ။ | လုံခြုံသည် | မလုံခြုံပါ |
|---|---|---|
| ၁။ မသိတဲ့လူတစ်ယောက်က FACEBOOK မှာ "မင်းနဲ့တွေ့ချင်တယ်" လို့ MESSAGE ပို့တယ်။ | | |
| ၂။ ကလေးတစ်ယောက် အန္တရာယ်ဖြစ်တဲ့အခါ မိဘကို ပြောပြီး အကူအညီတောင်းတယ်။ | | |

"ကလေးများနှင့်လက်နက်ကိုင်ပဋိပက္ခ" အတွင်းရှိ ကလေးများအပေါ် ကြီးလေးသည့် ချိုးဖောက်မှုများထဲမှ ချိုးဖောက်မှု (၂) ခု ရေးပါ

မိမိအနေဖြင့် မလုံခြုံဘူးဟု ခံစားရပါက ချက်ချင်းလုပ်ဆောင်မည့်အရာများကို စဉ်းစားပြီး ချရေးပါ။

သင်ခန်းစာ (၂) အကဲဖြတ်ခြင်းအချိန်တွင်အသုံးပြုရမည့်သင်ထောက်ကူ

## သင်ခန်းစာ (၃) တိုင်ကြားခြင်းနှင့် အကူအညီတောင်းခံခြင်း











**သင်ခန်းစာ (၃) လှုပ်ရှားမှုအချိန်တွင် အသုံးပြုရမည့် Comic ဖြစ်သည်။**




**သင်ခန်းစာ (၃) အကဲဖြတ်ခြင်းအချိန်တွင်အသုံးပြုရမည့်သင်ထောက်ကူ**

# ကိုးကားချက်များ (References)

1. My UNSCC_Children And Armed Conflict Course
2. The Six Grave Violations Against Children During Armed Conflict: The Legal Foundation
3. Monitoring and Reporting Mechanism on Grave Violations Against Children in Situation of Armed Conflict
4. CAAC Training Manual (Equality Myanmar)
5. လက်နက်ကိုင်ပဋိပက္ခနှင့်ကလေးသူငယ်များ (ညီမျှခြင်းမြန်မာ)
6. ကလေးအခွင့်အရေးစာချုပ် (ညီမျှခြင်းမြန်မာ)

# နောက်ဆက်တွဲများ (Appendix)

## ၁။ Mae sot တွင် ကလေးအခွင့်အရေးချိုးဖောက်ခံရပါက တိုင်ကြားနိုင်သည့်နေရာများ

မိမိတို့နေရာနေရာမှာ ကလေးတစ်ဦး အကြမ်းဖက်ခံရပြီး (သို့) အခွင့်အရေး ချိုးဖောက်ခံရပြီဆိုရင် ဘယ်နေရာမှာ အကူအညီတောင်းမလဲ။

1. Burmese Migrant Teacher Association (BMTA)
2. Migrant Education Coordination Centre(MECC)
3. Burmese Migrant Workers' Education Committee (BMWEC)
4. Blossom Future, Suwannamit
5. **World Vision Foundation of Thailand**
6. **Save the Children**
7. UNICEF
8. Local authorities, online communities
9. **Help Without Frontiers (နယ်စည်းမခြား ကူညီစောင့်ရှောက်ရေးအဖွဲ့)**
10. **Braveheart Foundation**
11. CPPCR (Committee for protection and promotion of Child Rights)
12. Rights Beyond Border
13. Child Protection Response and Referral System Network (CPRS)
14. **မယ်တော်ဆေးခန်း (Mae Tao Clinic) – ကလေးသူငယ် ကာကွယ်စောင့်ရှောက်ရေးဌာန (Child Protection Unit)**
    a. ကလေးတွေရဲ့ ကျန်းမာရေးနဲ့ ဘေးကင်းလုံခြုံရေးအတွက် အဓိကအားထားရတဲ့နေရာပါ။
    b. လိပ်စာ – Mae Tao Clinic, 700 Moo 1, Mae Pa, Mae Sot, Tak 63110.
    c. ဖုန်း – 055-533-316 (သို့မဟုတ် လူကိုယ်တိုင် သွားရောက်အကူအညီတောင်းနိုင်ပါတယ်။)
15. တိုင်ကြားလို့ရနိုင်တဲ့နေရာတိုက်ရိုက်မသိရင် ကိုယ့်ပတ်ဝန်းကျင်မှာ အဖွဲ့အစည်းတွေနဲ့သိတဲ့ သူ တိုင်ကြားပေးလို့ရနိုင်တဲ့သူကိုဖွင့်ပြောပေးရပါမယ်။

**ဘယ်သူတွေကို အကူအညီတောင်းမလဲ။**

1. Migrant schoolကျောင်းဆရာ/ဆရာမ များ 🟢
2. **ထိုင်းအစိုးရ၏ အရေးပေါ်လိုင်းများ (ထိုင်းစကားပြောရန်လိုအပ်နိုင်ပါသည်)**
   **1300**: Social Assistance centre (ကလေးသူငယ်နှင့် မိသားစု အကြမ်းဖက်မှုများအတွက် ၂၄ နာရီ တိုင်ကြားနိုင်ပါတယ်။) 🟢
3. **191**: ထိုင်းရဲတပ်ဖွဲ့ (အရေးပေါ် အသက်အန္တရာယ်ရှိသော အခြေအနေများအတွက်) 🟢

**သူတို့ကိုအကူအညီတောင်းမယ်ဆိုပါက မိမိတို့ရဲ့ လုံခြုံရေးအခြေအနေပေါ် မူတည်ပြီး သတ်မှတ်ပေးပါ** 🟢 🟡 🔴

🟢 လုံခြုံတဲ့ နေရာ

🟡 လုံခြုံကောင်း လုံခြုံနိုင်သည်

🔴 မလုံခြုံသည့် နေရာ

## ၂။ ကရင်ဒေသအတွင်းတွင်ကလေးအခွင့်အရေးချိုးဖောက်ခံရပါကတိုင်ကြားနိုင်သည့် နေရာများ

မိမိတို့နေရာနေရာမှာ ကလေးတစ်ဦး အကြမ်းဖက်ခံရပြီး (သို့) အခွင့်အရေး ချိုးဖောက်ခံရပြီဆိုရင် ဘယ်နေရာမှာ အကူအညီတောင်းမလဲ။

- ရပ်ရွာလူကြီး၊ အုပ်စုမှူး (KNU)
- မြို့နယ် အဆင့် ( KNU အုပ်ချုပ်ရေး)
- ခရိုင် (KNU)
- ဗဟို (KNU)

*Note: KNU အုပ်ချုပ်ရေး၊ စိုးမိုးရေး နယ်မြေဖြစ်ခြင်းကြောင့် ၎င်း အဖွဲ့ကိုသာ အကူအညီတောင်း ၊ တိုင်ကြားနိုင်သည်။*

ဘယ်သူတွေကို အကူအညီတောင်းမလဲ။

- CSO, NGO (HYA, EQMM, KWO, KYO, Save The Children…..)

*Note: Case အပေါ်မူတည်၍ တိုင်ကြားနိုင်သည်။*

သူတို့ကိုအကူအညီတောင်းမယ်ဆိုပါက မိမိတို့ရဲ့ လုံခြုံရေးအခြေအနေပေါ် မူတည်ပြီး

သတ်မှတ်ပေးပါ

- လုံခြုံတဲ့ နေရာ
- လုံခြုံကောင်း လုံခြုံနိုင်သည်
- မလုံခြုံသည့် နေရာ

### တိုင်ကြားနိုင်သည့်နေရာ

- ရပ်ရွာဒေသခံမှ KNU မြို့နယ်အဆင့်တိုင်ကြားခြင်း၊ မြို့နယ်အဆင့်မှ ခရိုင်အဆင့်၊ ခရိုင်အဆင့်မှ ဗဟိုအဆင့်၊ ဗဟိုအဆင့်မှ နိုင်ငံတကာအဆင့်သို့ လူ့အခွင့်အရေးလုပ်ဆောင်နေသောအဖွဲ့များနှင့် ချိတ်ဆက်ပြီး တင်ပြနိုင်သည်။

### စိန်ခေါ်မှု

- သို့သော် KNU သည် များသောအားဖြင့် မိမိကိုယ်တိုင်ဖြေရှင်းတတ်ခြင်း (ရပ်ရွာအဆင့်၊ မြို့နယ်အဆင့်မှ ဗဟိုအထိ) အာဏာရှိသူ၊ လက်နက်ကိုင်အဖွဲ့များကျူးလွန်မှုများအပေါ် တိုင်ကြားရန်ခက်ခဲခြင်း/မိမိလုံခြုံရေးအတွက် စိုးရိမ်ရခြင်းတို့ရှိသည်။

### ပူးပေါင်းဆောင်ရွက်နိုင်မှု

- KNU ရပ်ရွာအဆင့်၊ မြို့နယ်အဆင့်ခေါင်းဆောင်များနှင့်ပူးပေါင်းလုပ်ဆောင်နိုင်သည်။

## ၃။ ကရင်နီဒေသအတွင်း ကလေးများအခွင့်အရေးချိုးဖောက်ခံရပါက တိုင်ကြားနိုင်သည့် နေရာများ

မိမိတို့နေရာမှာ ကလေးတစ်ဦး အကြမ်းဖက်ခံရပြီး (သို့) အခွင့်အရေး ချိုးဖောက်ခံရပြီဆိုရင် ဘယ်နေရာမှာ အကူအညီတောင်းမလဲ။


- ကျေးရွာအုပ်ချုပ်ရေး တာဝန်ခံ
- PDF
- Karenni State Police (IEC)
- တရားရေးဌာန (IEC)
- ကလေးသူငယ်နှင့် အမျိုးသမီးရေးရာအဖွဲ့ (IEC)
- လူသားစာနာ (IEC)
- Union of Karenni State Youth, UKSY (စစ်ရှောင်ကူညီ၊ စားနပ်ရိက္ခာပံ့ပိုး)
- Kyae Lak Myay
- KNWO (Karenni Women Organization)
- KyWO (Kyan Women's Organization)
- KNHRG (Karenni Human Rights Group)


**ဘယ်သူတွေကို အကူအညီတောင်းမလဲ။**

- ကျေးရွာအုပ်ချုပ်ရေး တာဝန်ခံ
- Karenni State Police (IEC)
- တရားရေးဌာန (IEC)
- ကလေးသူငယ်နှင့် အမျိုးသမီးရေးရာအဖွဲ့ (IEC)
- လူသားစာနာ (IEC)
- Union of Karenni Student Youth, UKSY (စစ်ရှောင်ကူညီ၊ စားနပ်ရိက္ခာပံ့ပိုး)
- Kyae Lak Myay
- KNWO (Karenni Women Organization)
- KyWO (Kyan Women's Organization)
- KNHRG (Karenni Human Rights Group)

သူတို့ကိုအကူအညီတောင်းမယ်ဆိုပါက မိမိတို့ရဲ့ လုံခြုံရေးအခြေအနေပေါ် မူတည်ပြီး သတ်မှတ်ပေးပါ

- လုံခြုံတဲ့ နေရာ
- လုံခြုံကောင်း လုံခြုံနိုင်သည့်နေရာများမှာ
  - ကျေးရွာအုပ်ချုပ်ရေး တာဝန်ခံ
  - Karenni State Police
  - တရားရေးဌာန
  - ကလေးသူငယ်နှင့် အမျိုးသမီးရေးရာအဖွဲ့ (IEC)
  - လူသားစာနာ (IEC)
  - Union of Karenni Student Youth, UKSY (စစ်ရှောင်ကူညီ၊ စားနပ်ရိက္ခာပံ့ပိုး)
  - Kyae Lak Myay
  - KNWO (Karenni Women Organization)
  - KyWO (Kyan Women’s Organization)
  - KNHRG (Karenni Human Rights Group)
  - မလုံခြုံသည့် နေရာ (PDF များနှင့် လက်နက်ကိုင်အဖွဲ့များ (လက်နက်ဖြင့် ခြိမ်းခြောက်ခြင်း)




၂။ တရားမျှတမှုနှင့် တာဝန်ယူတာဝန်ခံမှု လမ်းကြောင်း
စစ်ဘက်အတွင်း
၁။ အစိုးရအဖွဲ့
???
၂။ ဌာနဆိုင်ရာ
DoWC ကို တိုင်ကြား
DoD
???
၃။ တပ်ရင်း/တပ်ဖွဲ့ထံသို့ တိုက်ရိုက်
ရလဒ်
အမှုကြီးပါက
၄။ အမျိုးသမီး/လူမှုအဖွဲ့အစည်းများ
၅။ စလေ့ထုံးတမ်းအရ
ရလဒ်
၆။ မီဒီယာ
၂။ တရားမျှတမှုနှင့် တာဝန်ယူတာဝန်ခံမှု လမ်းကြောင်း
အဖွဲ့များ


၆။ စစ်ဘက်-အရပ်ဘက် GBV/CRSV ကိုင်တွယ်ဖြေရှင်းရန် အကြံပြုလမ်းကြောင်း
Myanmar for: Civil-Military GBV-Military Handling
၃.၁ တပ်တွင်း လမ်းကြောင်း
3.1 Military Path
Focals from DoWC, DoD, DoHA, DoJ, ??
Standard Operation Procedure ???
ဖြစ်ရပ်
တိုင်ကြားခြင်း
support survivor's need
Who? How?
ရလဒ်
100% အရပ်သား

**Department**

- အမျိုးသမီးနှင့် ကလေးသူငယ် ရေးရာ ဌာန
- လူငယ်ရေးရာ ဌာန
- ကာကွယ်ရေး ဌာန

**CSOs**

- ကလေးရေးရာ အဖွဲ့
- အရပ်ဖက် အဖွဲ့
- အမျိုးသမီး အဖွဲ့
- ပညာရေး အဖွဲ့

**Complaint Mechanism**

- ကရင်နီပြည် ကြားကာလ အစီအမံ
- (နိုင်ငံတကာ လူ့အခွင့်အရေးနှင့် အညီ ဆောင်ရွက်ရန်)
- ကရင်နီပြည် ကြားကာလ တရားစီရင်ရေး နှင့် ပုဒ်မ (၄) ခ တွင် အရပ်ဘက် စစ်ဘက် case ဖြစ်ရင် အရပ်ဖက် တရားရုံး သို့ သွားရန်
- ကြားကာလ လွတ်တော်မှ ပြဌာန်း ထားသော ဖြေရှင်းနည်းများရှိ
- လက်ရှိ ဥပဒေမှ ဆက်လက် ကျင့် သုံးခွင့်ရှိသော ဥပဒေများ
- တရားမ ကျင့်ထုံး
- သက်သေခံ ဥပဒေ
- ကရင်နီတပ်ပေါင်းစုံ စစ်ဘက်ဆိုင်ရာဥပဒေ မူကြမ်း (KLM မှ ပါဝင်ဆွေးနွေးထားခြင်း)
- လူ့အခွင့်အရေးနှင့် ကိုက်ညီသော ဥပဒေများကို သုံးမည်ဟု ထုတ်ပြန်ထားခြင်း

# CONTACT

**EQUALITY MYANMAR**

info@equalitymyanmar.org
Equality Myanmar
www.equalitymyanmar.org
Equality Myanmar